## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

# (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၁၂၉ ) ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြ ထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက် စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - ဦးတင်ထွန်းလှိုင် (မန်နေးဂျင်းဒါရိုက်တာ) |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - ထားဝယ်ပေါင်းစည်းခြင်းအဖွဲ့ကုမ္ပဏီလီမိတက် အမှတ် (၇၆) စကားဝါလမ်း၊ ကန်ခေါင်းရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။ ဖုန်း-၀၉ ၂၅၁၁၄၇၂၉၃ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - ခဲမဖြူ-အဖြိုက်နက်နှင့် ရောရာသတ္တု (အလတ်စား) တူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - မြေဧရိယာ (၄၉.၅) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပုလောမြို့နယ်၊ ပလောက်မြို့နယ်ခွဲ၊ နန်းသီလာကျေးရွာအုပ်စု၊ လုပ်ကွက်အမှတ်(၄) |
| (ဆ) | **ECC သက်တမ်း (၅)နှစ်** | - စတင်ထုတ်ပေးရက် - ၁-၃-၂၀၂၂<br>သက်တမ်းကုန်ဆုံးရက် - ၂၈-၂-၂၀၂၇ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ ၁၂-၁၀-၂၀၂၁ ရက်စွဲပါ စာအမှတ်၊ ၀၇၆၀/ခဲဖြိုက်-အလတ်စား(ထ၀ပစခ)/၂၀၂၁ ဖြင့် တင်ပြသည့် **“ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)”** |



၁၄.၁၂.၂၀၂၄

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန် )

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံ တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်း ဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေ အသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များ နှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်း သည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

## ထားဝယ်ပေါင်းစည်းခြင်းအဖွဲ့ကုမ္ပဏီလီမိတက်မှ ခဲမဖြူ-အဖြိုက်နက်နှင့်ရောရာသတ္တု(အလတ်စား) တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ

၁။ ထားဝယ်ပေါင်းစည်းခြင်းအဖွဲ့ကုမ္ပဏီလီမိတက်မှ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပုလောမြို့နယ်၊ ပလောက်မြို့နယ်ခွဲ၊ နန်းသီလာကျေးရွာအုပ်စုရှိ မြေဧရိယာ (၄၉.၅)ဧက ကျယ်ဝန်းသော လုပ်ကွက်အမှတ်(၄)တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ခဲမဖြူ-အဖြိုက်နက်နှင့်ရောရာ သတ္တု (အလတ်စား) တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ ၁၂-၁၀-၂၀၂၁ ရက်စွဲပါ စာအမှတ်၊ ဝ၇၆ဝ/ ခဲဖြိုက်-အလတ်စား(ထဝပစခ)/ ၂၀၂၁ ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်း ဖြစ်သည်။


၂။ စီမံကိန်းအဆိုပြုသူ။ ဦးတင်ထွန်းလှိုင်၊ မန်နေးဂျင်းဒါရိုက်တာ၊ ထားဝယ်ပေါင်းစည်းခြင်း အဖွဲ့ကုမ္ပဏီလီမိတက်၊ အမှတ်- (၇၆) စကားဝါလမ်း၊ ကန်ခေါင်းရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်း ဒေသကြီး။ ဖုန်း-ဝ၉ ၂၅၁၁၄၇၂၉၃ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းအား ဆောင်ရွက်ရာတွင် အပေါ်ယံမြေသားအား Backhoe နှင့် Dump Truck အသုံးပြုဖယ်ရှားပြီး ပြန်လည်အသုံးပြုရန် သတ်မှတ်နေရာတွင် စုပုံထားရှိခြင်း၊ သတ္တုပါမြေစာများအား ဖိအားမြင့်ရေပန်းဖြင့် ထိုးဖျော်၍ မှုန်ရောရည် စုပ်စက် (Gravel Pump) ဖြင့် စုပ်တင်ပြီး ယင်းပုံး Sluice Box ဖြင့် သတ္တုအကြမ်း ဖမ်းယူကာ သန့်စင်ရုံ Tin Shed တွင် သတ္တုအချောဆေးယင်းပုံး၊ ဒိုင်းဇကာ၊ ယင်းခွက်များဖြင့် အဆင့်မြှင့် သန့်စင်ပါမည်။ ထပ်မံအဆင့်မြှင့်ရန် လိုအပ်သောသတ္တုများအား လက်ဆွဲသံလိုက်ဖြင့် သံလိုက် ဖယ်ရှား၍ ခဲမဖြူ သတ္တုသန့်စင်ထုတ်ယူမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် Excavator (၁)စီး၊ Dump Truck (၃)စီး၊ Tracktor (၁)စီး၊ Pick up 4WD (၁)စီး၊ 100KVA Generator (၂)လုံး၊ Motor Bike (၂)စီး တို့ကို အသုံးပြုမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအင်အား (၄၀)ဦးဖြင့် လုပ်ငန်းဆောင်ရွက်မည် ဖြစ်ကြောင်း၊ (၁)လအတွက် ရေလိုအပ်ချက်အနေဖြင့် ၅၀,၀၀၀ ဂါလန် အသုံးပြုမည်ဖြစ်ကြောင်း၊ (၁)နှစ်အတွက် လောင်စာဆီ လိုအပ်ချက်အနေဖြင့် ဒီဇယ်ဆီ ၁၀၀၀ ဂါလန် ၊ အင်ဂျင်ဝိုင် ၅၀ ဂါလန် နှင့် ဓာတ်ဆီ ၃၅၀ ဂါလန် အသုံးပြုမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။


၅။ **စီမံကိန်းတည်နေရာ။** တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပုလောမြို့နယ်၊ ပလောက်မြို့နယ်ခွဲ၊ နန်းသီလာကျေးရွာအုပ်စုအတွင်းရှိ လုပ်ကွက်အမှတ်(၄) မြေဧရိယာ (၄၉.၅)ဧက ခန့်မှန်းမြေပုံညွှန်း 95k/11 (A-704765, B-710765, C-710761, D-704761)တွင် တည်ရှိပါသည်။

ထားဝယ်ပေါင်းစည်းခြင်းအဖွဲ့ ကုမ္ပဏီလီမိတက်မှ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပုလောမြို့နယ်၊ ပလောက်မြို့နယ်ခွဲ၊ နန်းသီလာကျေးရွာအုပ်စုရှိ မြေဧရိယာ (၄၉.၅) ဧက ကျယ်ဝန်းသော လုပ်ကွက်အမှတ်(၄)တွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ခဲမဖြူ၊အဖြိုက်နက်နှင့် ရောရာသတ္တု အလတ်စား တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း၏ တည်နေရာပြမြေပုံ




ထားဝယ်ပေါင်းစည်းခြင်းအဖွဲ့ ကုမ္ပဏီလီမိတက်မှ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပုလောမြို့နယ်၊ ပလောက်မြို့နယ်ခွဲ၊ နန်းသီလာကျေးရွာအုပ်စုရှိ မြေဧရိယာ (၄၉.၅) ဧက ကျယ်ဝန်းသော လုပ်ကွက်အမှတ်(၄)တွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ခဲမဖြူ၊အဖြိုက်နက်နှင့် ရောရာသတ္တု အလတ်စား တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း၏ Layout Plan

Map Showing Layout Plan Map of Nantilar Area
(Block - 4)



ထားဝယ်ပေါင်းစည်းခြင်းအဖွဲ့ ကုမ္ပဏီလီမိတက်မှ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊
ပုလောမြို့နယ်၊ ပလောက်မြို့နယ်ခွဲ၊ နန်းသီလာကျေးရွာအုပ်စုရှိ မြေဧရိယာ (၄၉.၅) ဧက ကျယ်ဝန်းသော
လုပ်ကွက်အမှတ်(၄)တွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ခဲမဖြူ၊အဖြိုက်နက်နှင့်
ရောရာသတ္တု အလတ်စား တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း၏ Flow Chart



နောက်ဆက်တွဲ(ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

ဇ။ စီမံကိန်းအဆိုပြုသူသည် ခဲမဖြူ၊ အဖြိုက်နက်နှင့် ရောရာသတ္တုအလတ်စား တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ ၁၂-၁၀-၂၀၂၁ ရက်စွဲပါ စာအမှတ်၊ ဝ၇၆ဝ/ခဲဖြိုက်-အလတ်စား(ထဝပစခ)/၂၀၂၁ ဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** အဆိုပြုစီမံကိန်းအား ဆောင်ရွက်ရာတွင် အပေါ်ယံမြေသားအား Backhoe နှင့် Dump Truck အသုံးပြုဖယ်ရှားပြီး ပြန်လည်အသုံးပြုရန် သတ်မှတ်နေရာတွင် စုပုံထားရှိခြင်း၊ သတ္တုပါမြေစာများအား ဖိအားမြင့်ရေပန်းဖြင့် ထိုးဖျော်၍ မှုန်ရောရည်စုပ်စက် (Gravel Pump) ဖြင့် စုပ်တင်ပြီး ယင်းပုံး Sluice Box ဖြင့် သတ္တုအကြမ်းဖမ်းယူကာ သန့်စင်ရုံ Tin Shed တွင် သတ္တုအချောဆေးယင်းပုံး၊ ဒိုင်းဇကာ၊ ယင်းခွက်များဖြင့် အဆင့်မြှင့် သန့်စင်ပါမည်။ ထပ်မံအဆင့်မြှင့်ရန် လိုအပ်သော သတ္တုများအား လက်ဆွဲသံလိုက်ဖြင့် သံလိုက်ဖယ်ရှား၍ ခဲမဖြူ သတ္တုသန့်စင်ထုတ်ယူမည်ဖြစ်ကြောင်းဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) သတ္တုရိုင်းများ သယ်ဆောင်ရာ လမ်းတစ်လျှောက်၌ ယာဉ်သွားလာမှုကြောင့် ထွက်ပေါ်လာသော ဖုန်မှုန့်များ ထွက်ရှိမှု လျော့နည်းစေရန် အသုံးပြု လမ်းများအား ရေဖျန်းပေးခြင်းနှင့် အရှိန်လျှော့မောင်းနှင်ခြင်းတို့ ဆောင်ရွက်သွားရန်၊

(၂) ခဲမဖြူသတ္တုရိုင်းများအား မြေသယ်ယာဉ်ပေါ်သို့ တင်ဆောင်သယ်ယူရာတွင် အမိုးအကာများ ဖုံးအုပ်ပြီး သယ်ယူသွားရန်၊

(၃) လေထုအရည်အသွေးကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ သတ်မှတ်ထားသော လမ်းညွှန်ချက်များနှင့်အညီ ထိန်းသိမ်းဆောင်ရွက်သွားရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်ရေများကို ရေစစ်ကန်၊ အနည်ကျကန်များ အသုံးပြု၍ အနည်ထိုင်စေခြင်း၊ ရေစီးရေလာကောင်းအောင်ဆောင်ရွက်ခြင်းနှင့် ရေအရည်အသွေးအား ပုံမှန်စစ်ဆေးဆောင်ရွက်သွားရန်၊

(၂) သတ္တုသန့်စင်ရာမှ ထွက်ရှိလာသော နုန်းအနည်ရည်များ ရေစစ်ကန်အဆင့်ဆင့်ထားရှိ၍ ကန်၏ဝင်ဆံ့မှုပမာဏနှင့် ချိန်ညှိ၍ ဆောင်ရွက်သွားရန်၊

(၃) နုန်းစစ်ကန်များတွင် နုန်းဆယ်တင်ခြင်းလုပ်ငန်းများ၊ ရေပြန်စနစ်အသုံးပြုခြင်း နည်းလမ်းများဖြင့် ဆောင်ရွက်သွားရန်၊

(၄) အနည်စစ်ကန်များမှ နောက်ဆုံးသန့်စင်ပြီး စွန့်ပစ်ရေများအား ချောင်းအတွင်းကျရောက်ခြင်း ရှိ/မရှိ စောင့်ကြပ်ကြည့်ရှုစစ်ဆေးပြီး ခတ်ခွဲစမ်းသပ်စစ်ဆေးသွားရန်၊

(၅) ရေထုအရည်အသွေးကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ သတ်မှတ်ထားသော လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားရန်။

(င) **မြေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) ထွက်ရှိလာသော စွန့်ပစ်မြေစာများနှင့် စွန့်ပစ်အနည်အနှစ်များကို ချောင်းအတွင်းကျရောက်ခြင်း မရှိစေရန် Tailing Dam ၏ အကျယ်အဝန်းကို အလျား ၁၀၀ပေ၊ အနံ ၉၀ပေ၊ အနက် ၇ပေဖြင့် တည်ဆောက်သွားရန်၊

(၂) စွန့်ပစ်မြေစာများကို သတ်မှတ်နေရာများတွင် စနစ်တကျ စုပုံပြီး ပြိုကျတိုက်စားခြင်း မရှိစေရန် စွန့်ပစ်မြေစာပုံများအား အမြင့် (၁၂.၅)မီတာ သတ်မှတ်၍ စွန့်ပစ်မြေစာပုံဘေးပတ်လည်အား ရေနုတ်မြောင်းများ စီစဉ်ထားပြီး မြေထိန်းနံရံများ စနစ်တကျ ပြုလုပ်သွားရန်၊

(၃) စွန့်ပစ်မြေစာပုံဖယ်ရှားသည့် နေရာများတွင်လည်း မြေညှိ၍ မြေဆွေးများ ဖုံးအုပ်ကာ အစားထိုးသစ်ပင်များ စိုက်ပျိုးသွားရန်။

(စ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံနှင့် တုန်ခါမှုကို လျှော့ချရန် ညအချိန် ယာဉ်၊ ယန္တရားများ သုံးစွဲမှု မရှိစေရေး တားမြစ်သွားရန်၊

(၂) ယာဉ်၊ ယန္တရားများ ဝယ်ယူသုံးစွဲရာတွင် ဆူညံသံထွက်ပေါ်မှု သက်သာသော စက်များ၊ အင်ဂျင်ပါဝါမြင့်သော စက်များအား ရွေးချယ်ဝယ်ယူ သုံးစွဲသွားရန်၊

(၃) ဆူညံသံထိန်းချုပ်မှုအတွက် အသံလုံစနစ်များ တပ်ဆင်ထားခြင်း၊ အင်ဂျင်ရေတိုင်ကီအဝင်နှင့် Exhaust အထွက်များတွင် အသံလုံစနစ်များ တပ်ဆင်ထားခြင်း၊ လုပ်ငန်းခွင်၌ လုပ်သားများအတွက် နားကြပ်ကိရိယာများ တပ်ဆင်စေခြင်းဖြင့် အသံဆူညံမှုကို ကာကွယ်သွားရန်၊

(၄) လုပ်ငန်းများဆောင်ရွက်ရာတွင် ယာဉ်၊ ယန္တရားများ လိုအပ်ချက်များကို အနည်းဆုံးအရေအတွက်ဖြင့် အသုံးပြုဆောင်ရွက်သွားရန်။

(ဆ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) သတ္တုတူးဖော်သည့် ဧရိယာအတွင်းမှ ထွက်ရှိလာသော စွန့်ပစ်ရေများအား အနည်ထိုင်ကန်အဆင့်ဆင့်ထားရှိပြီး ရေအရည်အသွေးအား စစ်ဆေးပြီးမှသာ ပြင်ပသို့ စွန့်ထုတ်ရန် စီမံဆောင်ရွက်သွားရန်၊

(၂) ဆက်စပ်ဧရိယာများအတွင်းရှိ ရေစီးချောင်းများအတွင်းသို့ အနည်အနှစ်များ ကျရောက်မှုမရှိစေရေး၊ ရေထုညစ်ညမ်းမရှိစေရေးအတွက် စီးထွက်လာသော စွန့်ပစ်ရေ အရည်အသွေးအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအတိုင်း ထိန်းသိမ်းဆောင်ရွက်သွားရန်၊

(၃) မိုးတွင်းကာလစွန့်ပစ်မြေစာပုံများအား မိုးရေတိုက်စားပြီး ချောင်းအတွင်းကျရောက်မှု မရှိစေရန် မြေစာပုံဘေးနံရံများအား လျှောစောက်များ ပြုလုပ်ခြင်း၊ စွန့်ပစ်မြေစာပုံအောက်ခြေပတ်လည်တွင် မြောင်းများတူးဖော်ခြင်းတို့ ဆောင်ရွက်သွားရန်။

(ဇ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှု။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ကွက်ဧရိယာအတွင်း ဇီဝမျိုးစုံမျိုးကွဲများ ဆက်လက်ရှင်သန်နိုင်စေရန် သားငါးတိရစ္ဆာန်များအား သတ်ဖြတ်ခြင်း မပြုလုပ်ကြရန် စနစ်တကျ ကြပ်မတ်သွားရန်၊

(၂) လုပ်ငန်းများဆောင်ရွက်ခြင်း မရှိသည့် နယ်မြေများတွင် သဘာဝတောများ ထိန်းသိမ်းခြင်းတို့ ဆောင်ရွက်သွားရန်၊

(၃) မြေယာအသုံးချမှုများအတွက် အစားထိုးစိုက်ပျိုးခြင်းလုပ်ငန်းအား သစ်တောဦးစီးဌာန၏လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားရန်၊

(၄) စီမံကိန်းဧရိယာနှင့်လွတ်ကင်းသည့်နေရာအား စနစ်တကျ ပြုပြင်ပြီး တောအုပ်ငယ်တစ်ခု ထူထောင်၍ ကျေးငှက်သာရကာ၊ ရေနေသတ္တဝါများအတွက် ဂေဟစနစ်တစ်ခုအား နေရာသတ်မှတ်ထူထောင်သွားရန်။

(ဈ) **မီးဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်သုံးဆီ သိုလှောင်ရုံ၊ ရုံးအဆောက်အဦများ၊ ဝန်ထမ်းအိမ်ရာများဝန်းကျင်တွင် မီးတားလမ်းများဆောင်ရွက်ထားရှိသွားရန်၊

(၂) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအနေဖြင့် မီးချိတ်၊ မီးကပ်၊ ရေပုံးများ၊ မီးသတ်ဆေးဘူးများအား အဆောက်အဦတိုင်းတွင် ထားရှိသွားရန်၊

(၃) မီးဘေးကာကွယ်ရေးအဖွဲ့အား ဖွဲ့စည်းထားရှိသွားရန်။

(ည) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းအတွက် လိုအပ်သော ပစ္စည်းများ စုဆောင်းထားရှိခြင်း၊ ဝန်ထမ်းများအား အဖွဲ့ဖွဲ့စည်း၍လေ့ကျင့်သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်သွားရန်၊

(၂) အရေးပေါ်အခြေအနေတုံ့ပြန်ရေးစီမံချက်များကို ဒီဇိုင်းရေးဆွဲထားရှိသွားရန်။

(ဋ) **ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်နေသော အလုပ်သမားများအတွက် Mine Safety Material များဖြစ်သည့် လုပ်ငန်းခွင်သုံးဦးထုပ်များ၊ နှာခေါင်း

စည်းများ၊ နားကြပ်များ၊ Safety Boot များ၊ လက်အိတ်၊ ယူနီဖောင်းများ ဝတ်ဆင်စေပြီးမှ တာဝန်ထမ်းဆောင်ခွင့်ပြုရန်၊

(၂) လုပ်သားများ၊ မှီခိုမိသားစုများ၊ ဒေသခံပြည်သူများအား အခမဲ့ ဆေးကုသခြင်းများဆောင်ရွက်နိုင်ရန်ကျန်းမာရေးဆေးခန်းတစ်ခု ဖွင့်လှစ်ထားရှိသွားရန်။

(ဌ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြေထုအရည်အသွေးအား သတ်မှတ်နေရာ (၁)နေရာတွင် Soil pH, Copper, Fe စသည့် Parameter များအား (၆)လ တစ်ကြိမ် စမ်းသပ်စစ်ဆေးသွားရန်၊

(၂) စီမံကိန်းလုပ်ကွက်အတွင်းရှိ ချောင်းရေအရည်အသွေးအားသတ်မှတ်နေရာ(၁)ခုတွင် Zn, PH, Fe, Lead, Pb, Arsenic, Cu, Suspended Solid စသည့် Parameter များအား (၆)လတစ်ကြိမ် တိုင်းတာစစ်ဆေးသွားရန်၊

(၃) လေအရည်အသွေးအား သတ်မှတ်နေရာ(၁)ခုတွင် Carbon Monoxide, NO, $CO_2$,$PM_{10}$,$PM_{2.5}$ နှင့် $SO_2$ တို့အား (၆)လတစ်ကြိမ် တိုင်းတာစစ်ဆေးသွားရန်၊

(၄) မြေအောက်ရေအရည်အသွေးအား သတ်မှတ်နေရာ(၁)ခုတွင် Zn, pH, Fe, Lead, Arsenic, Cu, Suspended Solid စသည့် Parameter များကို (၆)လတစ်ကြိမ် တိုင်းတာစစ်ဆေးသွားရန်၊

(ဍ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် စပ်လျဉ်း၍ ၁၅-၃-၂၀၁၇ ရက်နေ့တွင် ဒေသခံ(၂၀)ဦးဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်ခဲ့ပြီးသတ္တုတူးဖော်မှုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် ဆောင်ရွက်မည့်အချက်များ၊ ဒေသခံများ အလုပ်အကိုင် ခန့်ထားမည့်အစီအစဉ်၊ လမ်းပန်းဆက်သွယ်ရေး ဆောင်ရွက်ပေးမည့်အစီအစဉ်များ၊ ဒေသတွင်းကျန်းမာရေး၊ ပညာရေး၊ လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်ပေးမည့် အစီအစဉ်များ ဆွေးနွေးခဲ့ကြပြီး စီမံကိန်းအဆိုပြုသူအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေကျပ်သိန်း(၅၀)ခန့်အား ထားရှိသုံးစွဲသွားရန်၊

(ဎ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် မိုင်းပိတ်သိမ်းခြင်းအစီအစဉ်တို့အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဏ) **လျာထားအသုံးစရိတ်**။ အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လိုလောက်မှု မရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်မှုများအား လျှော့ချဆောင်ရွက်မည့် လုပ်ငန်းစဉ်များအကောင်အထည်ဖော်ဆောင်ရွက်ရန် အသုံးစရိတ် ရန်ပုံငွေကျပ် သိန်း(၁၀၀) လျာထားသုံးစွဲသွားရန်၊

(၂) စီမံကိန်းအဆိုပြုသူမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဆောင်ရွက်ရန် ရန်ပုံငွေ ကျပ်သိန်း(၅၀)လျာထားသုံးစွဲသွားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များအတွက် အသုံးစရိတ်ရန်ပုံငွေ ကျပ်သိန်း (၁၀၀)လျာထားသုံးစွဲသွားရန်၊

(၄) မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကုမ္ပဏီမှ ရန်ပုံငွေကျပ် သိန်း(၅၀)ခန့် လျာထားသုံးစွဲရန်။

(တ) **မိုင်းပိတ်သိမ်းခြင်းစီမံခန့်ခွဲမှုအစီအစဉ်**။ အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) တူးဖော်ပြီး ကျင်း၊ ချိုင့်များအတွင်း စွန့်ပစ်မြေစာများ ပြန်လည်ဖို့ခြင်းလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စွန့်ပစ်မြေစာများအား ရေတိုက်စားမှုကြောင့် ပြိုကျခြင်း၊ ရေစီးနှင့်အတူမျောပါ၍ အနီးအနားရှိ ချောင်း၊ မြောင်းများထဲသို့ မျောပါသွားမှု မရှိစေရန် အတားအဆီးနံရံများ ပြုလုပ်၍ စနစ်တကျ ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း၊ စွန့်ပစ်မြေစာပုံများအား ကျင်း၊ ချိုင့်ကြီးများအတွင်း တစ်ဆင့်ပြီးတစ်ဆင့် ပြန်လည်ဖို့ပြီး အပေါ်ဆုံးမှ သီးခြားစုပုံထားသည့်အပေါ်ယံမြေစာများဖုံးအုပ်၍ ဒေသပေါက်ပင်များ စိုက်ပျိုးသွားရန်၊

(၂) သတ္တုတူးဖော်ချိန်တွင် အသုံးပြုခဲ့သည့် စွန့်ပစ်မြေစာများနှင့်စွန့်ပစ်ရေနောက်များ ခံယူရာတွင် Tailing Pond များနှင့် သတ္တုအချောသန့်စင်ရာတွင် ဒိုင်းဇကာ၊ သစ်သားယင်းခွက်များဖြင့် အသုံးပြုခဲ့သည့် အင်ဝိုင်းလှည့်ကန်များအား လုပ်ငန်းပိတ်သိမ်းချိန်တွင် စွန့်ပစ်ကျောက်၊ စွန့်ပစ်မြေစာများဖြင့် ပြန်လည်ဖြည့်တင်းပြီး သင့်လျော်သည့် မြေယာအသုံးချမှုတစ်ရပ် ရရှိစေရန် ဆောင်ရွက်သွားရန်၊

(၃) မြေဆီလွှာညစ်ညမ်းမှု ရှိ/မရှိ စစ်ဆေးရာတွင် စီမံကိန်း မစတင်မီ စမ်းသပ် တိုင်းတာခဲ့သော နေရာများ၏ မူလအရည်အသွေးနှင့် လက်ရှိအရည်အသွေး ခြားနားမှု ရှိ/မရှိ ပြန်လည်ခတ်ခွဲစမ်းသပ်မှုများ ပြုလုပ်ပြီး လိုအပ်သလိုပြုပြင် ဆောင်ရွက်သွားရန်၊

(၄) တည်ဆောက်ထားသော စက်မှုဆိုင်ရာ အဆောက်အဦးများ၊ အုပ်ချုပ်မှုဆိုင်ရာ အဆောက်အဦများ၊ စက်ပစ္စည်းများ၊ လျှပ်စစ်မီးကြိုးများအား သတ္တုတွင်း ပိတ်သိမ်းသည့်ကာလများတွင် ရှင်းလင်းသွားရန်၊

(၅) လုပ်ကွက်ပိတ်သိမ်းချိန်တွင် လုပ်ကွက်နှင့်ဆက်စပ်နေသော ဧရိယာရှိ ချောင်း များ၊ ရေတွင်းရေကန်များ၊ ရေထွက်ပေါက်များမှ ရေနမူနာရယူ၍ ရေထုအရည် အသွေးအား တိုင်းတာစစ်ဆေးပြီး လိုအပ်သလိုပြုပြင် ထိန်းသိမ်းသွားရန်၊

(၆) အဆိုပြုကုမ္ပဏီအနေဖြင့် မိုင်းပိတ်သိမ်းမည့်အချိန်၌မြေဧရိယာ(၂)ဧက စိုက်ပျိုး နိုင်ရန် ဒညင်း၊ ပိန္နဲ၊ မျောက်ငို၊ ဂျပန်ပိတောက်၊ ခရေ စုစုပေါင်း(၂၀၀၀)ပင်ခန့် ပျိုးထောင်ထားရှိသွားရန်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ်(၆)တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှု ဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမူ လုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်ပျက်စီးမှုများမဖြစ်စေမီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံး ဖြစ်စေရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်၊

(၂) ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် လိုက်လျောညီထွေ ဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၃) လတ်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၄) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များ စုစည်းခြင်းနှင့် ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေးလုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၅) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်-

(ကက) စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှုပပျောက်ရေး ဆောင်ရွက်ရန်၊

(ခခ) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(ဂဂ) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းမှထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိ ဆောင်ရွက်ရန်၊

(ငင) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများနှင့် စီမံကိန်းလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(စစ) စီမံကိန်းမှထွက်ရှိလာမည့်စွန့်ပစ်ပစ္စည်းများနှင့် ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင် ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(ဆဆ) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်၊

(ဇဇ) စွန့်ပစ်မြေစာများကြောင့် ရေစီးရေလာပိတ်ဆို့မှု၊ နုန်းအနည်ကျမှုနှင့် ရေကြီးရေလျှံမှုမဖြစ်စေရန် စွန့်ပစ်မြေစာများကို မြစ်၊ ချောင်း၊ မြောင်းများမှ အနည်းဆုံးပေ(၃၀၀) အကွာတွင် မြေစာပုံကွင်း ပြုလုပ်၍ စနစ်တကျ စွန့်ပစ်ရန်နှင့် ရေစီးရေလာ ပိတ်ဆို့မှု မရှိစေရေး ရှင်းလင်းခြင်းများ ဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းစည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်အပိုဒ် ၂.၇.၂ ပါ Parameter များတိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) စီမံကိန်းနှင့် အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(၅) သတ္တုခွင့်ပြုမိန့်တွင် ပါရှိသည့် ဟင်းလင်းဖွင့်တူးဖော်ခြင်းနှင့် မြေအောက်တူးဖောက်ခြင်း၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ သဘောတူခွင့်ပြုသောနည်းစနစ်ဖြင့်သာ ဆောင်ရွက်ရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းချက်များ။** ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေး ကြပ်မတ် ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၁၃၊ မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၄၇ (ဃ)၊ ၁၇၀ (ဂ)၊ ၁၇၄၊ ၁၇၆၊ ၁၇၇၊ ၁၇၈၊ ၁၈၀၊ ၁၈၁၊ ၁၈၄ (ခ) တို့နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကိုဆောင်ရွက်ရန်၊

(၃) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(င) **သတ္တုတွင်းလုပ်ငန်းများအတွက် ရေရယူသုံးစွဲခြင်းဆိုင်ရာ စည်းကမ်းချက်များ။** သတ္တုတွင်းလုပ်ငန်းများအတွက် ရေရယူသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၁၆၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၅၂၊ ၁၅၃၊ ၁၅၄ ပါ သတ်မှတ်ချက်များကို အလေးထားလိုက်နာဆောင်ရွက်ရမည်။

(စ) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေး လုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှုလမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့်ဖြစ်နိုင်သော အနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဆ) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာစည်းကမ်းချက်များ။** လုပ်ငန်းပိတ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများကို အစီရင်ခံစာတွင်ဖော်ပြထားသည့် သတ္တုတွင်းပိတ်သိမ်းရာ၌ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ငန်းစတင်ဆောင်ရွက်စဉ်ကပင် ကြိုတင်စီစဉ်ထားရှိ လိုက်နာဆောင်ရွက်ရန်နှင့် စီမံကိန်းအဆိုပြုသူသည် မြန်မာ့သတ္တုတွင်းနည်းဥပဒေ ၁၈၆ (ဃ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပိတ်သိမ်းရန် စီစဉ်ထားသည့် အချိန်မတိုင်မီ (၁)နှစ်ထက် နောက်မကျစေဘဲ အပြီးသတ်ပိတ်သိမ်းခြင်းအစီအစဉ်ကို တင်ပြရန်၊

(၂) စီမံကိန်းကြောင့် ပျက်စီးသွားသည့် နေရာများတွင် ဒေသနှင့်ကိုက်ညီသည့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်နှင့် ရှင်သန်ကြီးထွားသည်အထိ အစီရင်ခံစာ၌ ဖော်ပြထားသည့် ကတိကဝတ်အတိုင်း တာဝန်ယူကြီးကြပ်ဆောင်ရွက်ရန်၊

(၃) မြေဆီလွှာပျက်စီးသွားသည့် နေရာများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ လမ်းညွှန်ချက်နှင့်အညီ မြေညှိခြင်း၊ မြေပြုပြင်ခြင်း၊ အပေါ်ယံမြေဆီလွှာများဖုံးအုပ်ခြင်းတို့ကို ဆောင်ရွက်ရန်နှင့် ဒေသနှင့်ကိုက်ညီသော နှစ်ရှည်ပင်များ စိုက်ပျိုးရန်၊ အပင်များ ရှင်သန်ကြီးထွားသည်အထိ တာဝန်ယူဆောင်ရွက်ရန်။

(ဈ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီး ဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့်သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုး သက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြား လုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေးတင်ပြရမည်။ ပျက်ကွက်မှု တစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန်လိုအပ်သည့်အကြောင်းကိစ္စရပ်ကို(၂၄)နာရီအတွင်းလည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ် ဖြစ်ရပ်ကို စတင်သိရှိသည့် အချိန်မှ (၇)ရက်အတွင်းလည်းကောင်း ဝန်ကြီး ဌာနသို့ အသိပေးတင်ပြရမည်၊

(၆) စီမံကိန်း၏အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှု တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ်

တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြု သူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်း အချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့်ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက်စီမံခန့်ခွဲမှုအစီအစဉ်များအားဝန်ကြီးဌာနသို့ပြန်လည်တင်ပြရမည်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာပါဝင်တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်း အထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိ တိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကိုလိုက်နာဆောင်ရွက်ရန်ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့်ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့်အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့်လူမှုအဖွဲ့အစည်း၏ကျန်းမာရေး၊ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့်ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရသတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(ဇ) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများ ပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဈ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ် သတင်းပို့ အကြောင်းကြားရမည်။

(ည) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ(Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏အကြံပြုချက်နှင့်လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(ဋ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့်ဆက်စပ် ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေးထုတ်ဖော်ကြေညာ ရမည်။

(ဌ) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာစည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရ အဖွဲ့အစည်းထံမှ စာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက် ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ် သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများ အပေါ် မိမိကိုယ်မိမိဘက်စုံ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့ စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီ အစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင် ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ် ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့်ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်း များကို မိမိအစီအစဉ်ဖြင့်ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင် ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့်တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက် ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက် ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများ

စသည်တို့ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရန်၊ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှ စာဖြင့် သီးခြားရေးသား သဘောတူထားခြင်း မရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၆ လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ (၁၀)ရက် အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ ၁၀ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာ နေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူ သိရှိနိုင်စေရေး တင်ပြထားရှိရန်၊ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီး နောက်(၁၀)ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရန်၊

(ဖ) စီမံကိန်းအဆိုပြုသူသည်ဝန်ကြီးဌာနက စောင့်ကြပ်ကြည့်ရှုခြင်း၊ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(ကက) စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့်ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေးခွင့်ပြုရန်၊

(ခခ) အရေးပေါ်အခြေအနေ တစ်ရပ်ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည်သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေးခွင့်ပြုရန်၊

(ဂဂ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများ ရယူခြင်းနှင့် ကွန်ပျူတာများ စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများ အပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်း စစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေး ဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၁၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှကျခံရန်။

(၃) **ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ထားရှိဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရန်ပုံငွေထူထောင်ထားရှိရန်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအတွက် ရန်ပုံငွေတစ်ရပ်ကြိုတင်ထူထောင်ထားရှိရန်၊

(၂) သတ္တုတွင်းပိတ်သိမ်းခြင်းကို မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၈၆ ပါ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ရန်နှင့် မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၉၂ နှင့်အညီ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများအတွက် ရန်ပုံငွေထူထောင် ထားရှိရန်၊

(၃) ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများအပေါ် အရည်အသွေးထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၈၉၊ ၁၉၀၊၁၉၁၊ ၁၉၂၊ ၁၉၃ တို့နှင့်အညီ လိုက်နာဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေထူထောင်ထားရှိရန်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ်ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းမကုန်ဆုံးမီ (၆) လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂)နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း(၃၀)ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင်ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေး သည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိပြီး (၂) နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင် ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီးတင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်း အချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက်ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သောနည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာအပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀နှင့်အညီ ညစ်ညမ်းမှု(ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သတ္တုတွင်းနည်းဥပဒေ ၁၉၂ (က) အရ နိုင်ငံတော်ပိုင် ဘဏ်တစ်ခုခုတွင် ရန်ပုံငွေတစ်ရပ်ကို ထူထောင်ထားရှိရန်၊ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်မှု သို့မဟုတ် ထိခိုက်ရန်အလားအလာရှိမှုများကို ကုစား ပြင်ဆင်ရန် ချက်ချင်းဆောင်ရွက်သည့် လုပ်ငန်းများတွင် ထိုငွေရေးကြေးရေး အာမခံချက်ကို အသုံးပြုရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်း လက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---